အင်ပင်ကျေးရွာ

မော်နိုင်းကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

(၂၀၁၇–၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အင်ပင်ကျေးရွာ၊ ဝန်းသိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
အင်ပင် ကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုမြို့နယ်	၇
အင်ပင် ကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်၊** ဝန်းသိုမြို့နယ်	၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် ၉
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၁၀
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၁၁
(ခ) သဘာဝအရင်းအမြစ်များ ၁၁
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ
(က) လူဦးရေဆိုင်ရာ အချက်အလက်များ ၁၁
(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၁
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၁၁
(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၁၃
(င) ကျန်းမာရေးနှင့် အာဟာရ ၁၃
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု ၁၃
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၁၄
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၄
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၆
(ဃ) ရွှေ့ပြောင်းလုပ်သားများ ၁၆
(င) ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက် ၁၆
(စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၁၇
(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု ၁၇
(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၇
(ဈ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊

သတင်းနှင့် ဆက်သွယ်ရေး ၁၈
(ည) လူငယ်နှင့် ယဉ်ကျေးမှု ၁၈
(ဋ္ဌ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၉
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၂၀
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၀
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၀
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၁
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၁
(ဂ) ဦးစားပေး စီမံချက်များ ၂၂
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၄
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၄
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၅
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၂၅
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၂၅
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၂၅
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၂၆
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၆
(က) ကြီးကြပ်စစ်ဆေးခြင်း ၂၆
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၂၇
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၂၈

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၂၉
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၃၀
ရည်ညွှန်းချက်များ ၃၁
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၈၃
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိ ခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်းပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
အင်ပင်ကျေးရွာ
မော်နိုင်းကျေးရွာအုပ်စု
ဝန်းသိုမြို့နယ်

အင်ပင် ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

ရည်ညွှန်း- အင်ပင် ကျေးရွာအရင်းအမြစ်ပြမြေပုံ - အင်ပင် ကျေးရွာ၊ မော်နိုင်းကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ ရက်)




ရာသီခွင်ပြ ပြက္ခဒိန်
တန်ခူး
ကဆုန်
နယုန်
ဝါဆို
ဝါခေါင်
တော်သလင်း
သီတင်းကျွတ်
တန်ဆောင်မုန်း
နတ်တော်
ပြာသို
တပို့တွဲ
တပေါင်း

အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာ များ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွား မည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ အင်ပင်ကျေးရွာသည် ဝန်းသို မြို့၏ အရှေ့မြောက်ဘက်(၁၀)မိုင်အကွာတွင်တည်ရှိပြီးမော်နှိုင်းအုပ်စုတွင်တည်ရှိပါသည်။မော် နှိုင်း ကျေးရွာအုပ်စုတွင်ဈေးသစ်ကျေးရွာ၊မော်နှိုင်းကျေးရွာ၊အင်ပင်ကျေးရွာ၊မှန်ကန်ကျေးရွာ၊ဘဂ် ကျေးရွာ၊ ရွာသာရွာကျေးရွာ၊သင်တောကျေးရွာ၊နောင်ကွင်းကျေးရွာဟု ရွာစရွာပါဝင်သော ကျေးရွာတစ်အုပ်စု အဖြစ်တည်ရှိပါသည်။ ရွာ၏အရှေ့ဘက်တွင်ဂျိုးတောင်ဈေးသစ်ကျေးရွာနှင့် ဆက်စပ်လျှက်ရှိပြီး လယ်ကွင်းများနှင့်လယ်သွင်မြောင်းတစ်ခုရှိပါသည်။ တောင်ဘက်တွင်ရေတွ၍်းလယ်ကွင်းများနှင့် သရက်ခင်းတခုရှိပါသည်။ ၊အနောက်တောင်ဘက်တွင်နောင်ကွင်းကျေးရွာ၊ရွာ၏သုသာန်နှင့် လျှပ်စစ် ထရန်စဖော်မာရှိပါသည်။ အနောက်ဘက်တွင်လယ်ကွင်များ၊လူနေအိမ်များနှင့်လယ်သွင်း မြောင်းတစ်ခုရှိပါသည်။ မြောက်ဘက်တွင် မှန်ကန်ရွာနှင့် ထိစပ်လျှက်ရှိပြီး လယ်ကွင်းများနှင့် တောင်ကုန်းတခုရှိပါသည်။ရွာ၏မြောက်ဘက်တွင်ဘုန်းတော်ကြီးကျောင်းရှိပါသည်။ရွာ၏ အနောက် မြောက် ဘက်တွင်ရွာသာရွာနှင့်ထိစပ်လျှက်ရှိပါသည်။ရွာ၏မြေမျက်နှာသွင်ပြင်သည်မြေပြန့်ဒေသဖြစ် ပါသည်။

ရာသီဥတု။ ။စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ကိုင်ရန် သင့်တင့်မျှတသောရာသီဥတုရှိပါသည်။

မြေမျက်နှာသွင်ပြင်။ ။အင်ပင်ကျေးရွာသည် မြေလတ်ပိုင်တွင်တည်ရှိ၍ မြေပြန့် တွင်တည်ရှိပါသည်။မိုးရာသီတွင်ချောင်းရေမြောင်းရေဝင်ရောက်မှုမရှိပါ။

(ခ) သဘာဝအရင်းအမြစ်များ ။ အင်ပင်ကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက်သယံ ဇာတများမရှိပါ။လမ်းခင်းကျင်းကျောက်မြေများရရှိနိုင်ပါသည်။ သဘာဝအပင်မျိုးစိတ်များ နွားစာ၊ ဆေးဘက်ဝင်အပင်များအသင့်အတင့်ရှိပါသည်။သဘာဝတိရစ္ဆာန်မျိုးစိတ်များရှာနှင့်အနီးတဝိုက် တွင် တွေ့ရှိရန် အခွင့်အလမ်းနည်းပါးပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ ကျေးရွာတွင် နေထိုင်သူများတွင် ၁နှစ်အောက် နို့စို့အရွယ် ကျား ၃ယောက်၊မ၂ယောက်ရှိပါသည်။၁နှစ်မှ၅နှစ်အောက် ကလေးငယ် ကျား၅ ယောက်၊ မစယောက်ရှိပါသည်။၅နှစ်မှ၁၀နှစ်ထိ မူလတန်းကျောင်းသားအရွယ် ကျား ၈ ယောက်၊မ ၉ ယောက် ရှိပါသည်။၁၀နှစ်မှ၁၅နှစ်အလယ်တန်းကျောင်းသားအရွယ်ကျား၁၂ယောက်။မ၁၂ယောက် ရှိပါသည်။ ၁၅နှစ်မှဖြနှစ် အရွယ် အလုပ်လုပ်နိုင်သည့် ကျား၇၇၊မ ၇၁ ယောက် ရှိပါသည်။ဖြနှစ်နှင့်အထက် သက်ကြီးရွယ်အို ကျား ၄၊မ ၈ ယောက်ရှိပါသည်။စုစုပေါင်း ကျား၁၀၉၊ မ ၁၁၀ ယောက် ရှိပြီး ရွာတွင် ကျား၊မ စုစုပေါင်း ၂၁၉ ယောက်နေထိုင်ကြပါသည်။စုစုပေါင်းအိမ်ခြေ ၃၆အိမ်ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။

စီးပွါးရေးအခြေအနေနှင့်ဝင်ငွေ။ ။အင်ပင်ကျေးရွာသည် စိုက်ပျိုးကို အဓိကထားလုပ်ကိုင်ပြီး မွေးမြူရေးကိုလုပ်ငန်းကို တပိုင်တနိုင်တွဲဘက်လုပ်ကိုင်မှုကြောင့် စားဝတ်နေရေးအသင့်အတင့် ဖူလုံသောအဆင့်တွင်ရှိပါသည်။စိုက်ပျိုးရေးလုပ်ငန်းမှာ မိုးရေကိုသာ အားကိုးပြီး တစ်သီးစားအခြေအနေဖြစ်သဖြင့်ဆည်၊ မြောင်းများပြုလုပ်၍ တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်လျှင် ဖြင့်ဝင်ငွေတိုးတက် လာနိုင်ပါသည်။ အခြားနေရာမြို့ရွာများသို့ရွှေပြောင်းလုပ်ကိုင်သော အိမ်ထောင်စု ၉အိမ်ရှိပါသည်။မြေ ပိုင်ယာပိုင်မရှိသူများသည် စပါးရိတ်၊ကောက်စိုက်၊ ပျိုးနုတ်၊အခြားကျပန်း၊ ကြုံရာကျပန်းရရာအလုပ် များလုပ်ကိုင်ခြင်းဖြင့် အသက်မွေးကြပါသည်။ လယ်ယာစိုက်ပျိုးရေးတွင် ကောက်စိုက်ခြင်း၊ပျိုးနှုတ် ခြင်းလုပ်ငန်းများလုပ်ငန်းများတွင်နေ့စား(ကျား– ၅၀၀၀ကျပ်၊မ –၃၀၀၀– ကျပ်နှုန်းဖြင့်ငှားရမ်းရပြီး ပုတ်ပြတ် အများဆုံးကျားဖ၀၀၀၊ မင္ဂ၀၀၀ခန့်ရရှိပါသည်။ အခြားလုပ်ငန်းများအနေဖြင့် ဆောက်လုပ် ရေးလက်သမား၊ လက်သမားပန်းရံ လုပ်ငန်းများ လုပ်ကိုင်ကြပြီး အဆောက်အဦးဆောက်လုပ်လိုသော လုပ်ငန်းရှင်များငှားရမ်းသည့် အခါမှသာ လုပ်ကိုင်ကြရသည်ကိုတွေ့ရှိရပါသည်။အခြားလုပ်ငန်းအဖြစ်ခါဂျာမုန့်၊ ပေါက်ဆီ၊ ပလာတာ စသောမုန့်များလုပ်၍ အသက်မွေးသောအိမ်တအိမ်ရှိပါသည်။ အခြားလုပ်ငန်းသူမရှိပါ။ အလုပ်အကိုင် အခွင့်အလမ်း ရှားပါးလှပါသည်။ကျားနှင့်မလုပ်အားခကွာဟမှု မမြင့်ဟုထင်မြင်သုံးသပ်မိပါသည်။

ပိုင်ဆိုင်မှုနှင့်မမျှတမှု။ ။ဤရွာရှိလယ်မြေများ၁၂၇.၀၈၈က ရှိပြီးမြေဆီလွှာအရည်အသွေးမှာ အသင့် အတင့် တောင်းမွန်ပါသည်။မိုးရေခံလယ်များဖြစ်၍ မိုးရာသီကာလများတွင်သာစိုက်ပျိုးရသည့် တစ်သီးစားလယ်များဖြစ်ပါသည်။စားကျက်မြေသည်(၃၄.၉)ဧကရှိပါသည်။ မြေဆီလွှာအရည်အသွေးမှာအသင့်အတင့်ကောင်းမွန်ကြပါသည်။မြေလွပ်မြေလပ်မှာ၀.၅၂ဧကရှိပြီးမြေဆီလွှာအရည်အသွေး အသင်အတင့်ကောင်းမွန်ပါသည်။

ဤရွာတွင်အဆင်ပြေအိမ်ထောင်စု (၆) အိမ်သာရှိပြီး၊အလယ်အလတ်ရှိသောအိမ်ထောင်စု (၂၈) အိမ်၊မပြေလည်သောအိမ်ထောင်စု(၂)အိမ်ရှိပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ဤရွာတွင် ၃လနှင့်ဖြလကြား ဝမ်းစာဖူလုံမှု (၂) အိမ်ရှိပါသည်။ထိုအိမ်များသည်လယ်ယာမြေ ပိုင်ဆိုင်မှုမရှိ သဖြင့် ဝင်ငွေရသော မည်သည်အလုပ်မဆို ကြုံရာကျပန်းလုပ်ကိုင်၍အသက်မွေးရပါသည်။

ထိခိုက်နစ်နာလွယ်မှု။ ။အင်ပင်ကျေးရွာတွင်ချောင်းမြောင်းမရှိသဖြင့်စိုက်ပျိုးရေရှားပါးလှပါသည်။ ရွာနှင့်တမိုင်ခန့်အကွာရှိမှန်ကန်ဆည်မှရေမြောင်းသွယ်လျှင်စိုက်ပျိုးရေရရှိနိုင်ပါသည်။မှန်ကန်ဆည်သည်လည်းခိုင်ခံ့ကောင်းမွန်မှုမရှိသေးသဖြင့်ရေမြောင်းဖေါက်၍အဆင်မပြေနိုင်သေးပါ။လယ်မြေများမကောင်းခြင်း၊မိုးရေခံလယ်များဖြစ်နေခြင်း စိုက်ပျိုးရေမလုံလောက်ခြင်း တို့ကြောင့်စပါးအထွက်နှုန်းများလျော့ကျသဖြင့်၀မ်းစာမဖူလုံသောထိခိုက်လွယ်မှုအခြေအနေရှိနေသည်ကိုလေ့လာတွေ့ရှိပါသည်။စိုက်ပျိုးရေမှာမိုးရေကိုသာအားထားနေရသဖြင့်ထိခိုက်လွယ်မှုမှာမြင့်ပါ

သည်။ ကျေးရွာတွင်လူငယ်ကနည်းစုသာ မူးယစ်ဆေးသုံးစွဲနေသည်ကိုတွေ့ရှိရပါသည်။လက်လုပ်လက်စားကျပန်းရှိသော်လည်းထိခိုက်လွယ်မှုမှာအလယ်အလတ်အဆင့်ရှိသာရှိပါသည်။ မူးယစ်ဆေးဝါး သုံးစွဲသူများ အသင်အတင့်ရှိသောကြောင့် ကူးစက်ရောဂါရရှိနိုင်သောသူများ၊ ဆေးစွဲသူများသည် ထိခိုက်သက်ရောက်လွယ်မှုမှာ အလယ်အလတ်အဆင့် ရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။

(၂)(ဃ) ပညာရေး။ ။အင်ပင်ကျေးရွာတွင် စာမတတ်သူဦးရေ မရှိပါ။ မူလတန်းအ ဆင့်ရှိသူကျား၄၇၊မ၅၅ စုစုပေါင်း၁၀၂ယောက်ရှိပါသည်။ အလယ်တန်းအအဆင့်ရှိသူ ၃၁ ယောက်၊မ၂၀ယောက်ပေါင်း ၅၁ ယောက် ရှိ ပါသည်။အထက်တန်းအဆင့်ရှိသူ ကျား- ၃ ၊ မ-၁၂ပေါင်း ၁၅ ယောက်၊ အထက်တန်အဆင့်ရှိသူ ကျား-၁၉ ၊မ၂၂စုစုပေါင်း ၄၁ ယောက်ရှိပါသည်။တက္ကသိုလ် ၊ ကောလိပ်အဆင့်ရှိသူကျား၁ယောက်ရှိပါသည်။အင်ပင်ကျေးရွာတွင် စာသင်ကျောင်းမရှိပါ ကျေးရွာနှင့် ၁မိုင်ကျော်ကျော်ခန့်အကွာရှိဂျိုးတောင်ကျေးရွာအထက်တန်းကျောင်းသို့သွားရောက်ပညာသင်ကြား ရ ပါသည်။အလှမ်ဝေး သောကြောင့် တက်ရောက်နိုင်မှု လျော့ နည်းပါသည်။ကျွန်တော်တို့ရွာတွင် မူလတန်းကျောင်းဖွင့်လှစ်ရန်လိုအပ်နေပါသည်။ လက်ရှိကျောင်းတက်နေသော ကျောင်သားဦးရေမှာ မူလတန်း အဆင့်ကျောင်း တက်ရောက်မှု အပြည့်အဝရှိသော်လည်း၊ အလယ်တန်းနှင့်အထက်တန်း အ ဆင့်ကျောင်းတက်ရောက်မှုနဲပါးပါသည်။ မူလတန်းကျား-၆၊ မ-၇ပေါင်း ၁၃ယောက် အလယ်တန်းအဆင့်ကျား-၈၊ မ၆-ယောက် ပေါင်း၁၄-ယောက်။ အထက်တန်းကျား-၄၊ မ-၈ ပေါင်း-၁၂၊ တက္ကသိုလ်၊ကောလိပ်အဆင့်ကျား- ၂ ၊မ-၂ ယောက် ရှိပါသည်။ဤရွာတွင် မူလတန်းကျောင်း ဖွင့်လှစ်ရန် လိုအပ်နေပါသည်။ ဤရွာတွင်မူလတန်း ကျောင်းဖွင့်လှစ်ရန်မြေနေရာရှိသဖြင့် စာသင် ကျောင်းဖွင့်လှစ်နိုင်သည့် အခြေအနေကောင်းရှိပါသည်။ ကျွမ်းကျင်မှုများအနေဖြင့် စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကြောင်းပြုသူ တောင်သူပညာအသင့်အတင့်တတ်မြောက် ကျွမ်းကျင်ကြပါသည်။

(၂)(c) ကျန်းမာရေး နှင့် အာဟာရ။ ။ ဤရွာတွင် ဝမ်းပျက်ဝမ်းလျော၊ သွေးလွန်တုတ်ကွေးရောဂါ၊ငှက်ဖျားရောဂါနှင့်သွေတိုးရောဂါများမှာရံဖန်ရံခါဖြစ်ပွားလေ့ရှိပြီးဖြစ်ပွားမှုအခြေ အနေသည် သာမာန်မျှသာဖြစ်ပွါးကြောင်းသိရပါသည်။ကျန်ရောဂါများမှာဖြစ်ပွားမှုနည်း၍အာဟာရချို့တဲ့ဖြစ်ပွါးမှုနိမ့် ပါသည်။ရွာသူရွာသားများသည်ကျန်းမာရေးအသိပညာဗဟုသုတနည်းပါးလှပါသည်။ သို့ဖြစ်ပါ ၍ ကျန်းမာရေးဌာနမှ ကျန်းမာရေးဆိုင်ရာအသိပညာဟောပြောပွဲများ ကွင်းဆင်းပြုလုပ်ပေးပါလိုအပ်နေပါသည်။ဤရွာတွင်ကျန်းမာရေးဆရာမမှ အချို့ရောဂါများအတွက် ကာကွယ်ဆေး ထိုးနှံမှုရှိပြီး ၊အချို့ ရောဂါများအတွက်ကာကွယ်ဆေးထိုးနှံမှုမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ အာဟာရပညာပေးအစီအစဉ်မရှိပါ။ကျွန်တော်တို့ရွာရှိမွေးကင်းစကလေးများကိုရွာနှင့်၁မိုင်ကျော်အကွာရှိဆေးခင်းခုံကျေးလက်ကျန်းမာရေးဌာနခွဲသို့ကာကွယ်ဆေးများသွားရောက်ထိုးနှံကြပါသည်။ရွာသူ/ရွာသားများ ကျန်းမာရေး၊ ဖျားနာလျှင်ရွာမှ ၁မိုင်ကျော်အကွာရှိဂျိုးတောင်တိုက်နယ်ဆေးရုံသို့ သွားရောက်ကုသမှုခံယူကြပါသည်။ ဝန်းသိုမြို့နယ်ဆေးရုံသို့ ၁၀မိုင်ခန့်ဝေးပြီးရွာနှင့်၁၈ မိုင်အကွာရှိကောလင်းမြို့နယ်ဆေးရုံသို့လည်းသွားရောက်ကုသကြပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ ။ကျွန်တော်တို့ရွာတွင် အမျိုးသမီးများ ခေါင်းဆောင်မှုတွင်

ပါဝင်မှုမရှိပါ။အမျိုးသမီးများသည် သာရေး/နာရေး/ဘာသာရေး ကိစ္စရပ်များတွင် ချက်ပြုတ် ဧည့်ခံကျွေးမွေးခြင်း လုပ်ငန်းများ၌ တက်ကြွစွာ ပါဝင် ဆောင်ရွက် လျှက်ရှိပါသည်။ အမျိုးသမီးများသည် သံသယဖြစ်ဖွယ် အကြမ်းဖက်မှု များမတွေ့ရှိရပါ။ အမျိုးသမီးရေးရာအကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာ လူထု၏ အသိအမြင်မှာ အားနည်းသည်ဟုသိရှိရပါသည်။

(၄) ကဏ္ဍအသီး:သီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ အင်ပင်ကျေးရွာတွင် ကျေးရွာဂေါပက အဖွဲ့ ရှိပြီး ကျေးရွာ၏သာသနာရေး၊ဘာသာရေး၊လူမှုရေးများကိုလုပ်ကိုင်ဆောင်ရွက်ကြပါသည်။ရွာတွင်အမျိုးသမီးဆွမ်းချက်အဖွဲ့ရှိပြီးဆွမ်းေဝရာဝစ္ဆများချက်ပြုတ်လုပ်ကိုင်ကြပါသည်။အရန်မီးသတ် တပ်ဖွဲ့ဝင်များရှိပါသည်။မီးသတ်သင်တန်းတက်ရောက်ထားသူများဖြစ်ပါသည်။ရွာ၏မီးရေးထင်းရေးကို ကာကွယ် ရန်ထားရှိပါသည်။မီးဘေးစိုးရိမ်ရလောက်သော အနေအထားမ ရှိပါ။

(ခ)သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။အင်ပင်ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ အသင့်အတင့်ရှိပါသည်။တောင်သူ(၁)ဦးသာ(၁၂)ဧက အများဆုံးလယ်မြေပိုင်ဆိုင်သူ(၂)ဦးသာတွေ့ရပါသည်။လယ်ယာမြေ(၅)ဧကမှ(၁၂)ကြားပိုင်ဆိုင်သူ(၁၅)ဦးရှိပြီး လယ်မြေ(၂)ဧကမှ(၅)ဧကကြားအနည်းဆုံး ပိုင်ဆိုင် ကြပြီးမြေယာမဲ့ဆင်းရဲသားတောင်သူ(၇)ဦးရှိပါသည်။စုစုပေါင်းအိမ်ခြေ(၃၆)အိမ်ရှိသောကြောင့် မြေ ယာမဲ့လက်လုပ်လက်စားကျပန်း(၁၂)ဦးရှိပါသည်။ကျေးရွာ၏ရေအရင်းအမြစ်မှာမိုးရေများမှသာစိုက်ပျိုး၍ရသော မိုးရေခံလယ်များဖြစ်ကြပါသည်။ချောင်းမရှိ မိုးရာသီတွင်သာရေများပေါများပါသည်။ စိုက်ပျိုးချိန်တွင်မိုးမရွာခြင်း၊ စိုက်ပျိုးရေမရရှိနိုင်ခြင်းတို့ကြောင့် စိုက်ပျိုးရာတွင် အခက်အခဲ များရှိပါသည်။ရွာ၏လယ်မြေများသည် လယ်မြေဧက ၁၂၇.၈၄က ရှိပြီးမြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ မိုးရေခံလယ်လယ်များဖြစ်ပြီးလယ်မြေများသည်ရွှံ့စေးဆန်မြေများဖြစ်ကြ ပါ သည်။မြေလွတ်မြေလပ်မှာ ၀.၅၂ ဧကရှိပြီး မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်း မွန် ပါသည်။လယ်မြေများ၏ မြေဆီလွှာအရည်အသွေး များသည် ရွှံ့စေးမြေဆန်သောမြေဖြစ်ပြီး စိုက်ပျိုး ချိန်ရောက်လျှင် ပတ်ကြားအက်နေသောမြေများသည် မိုးရေစိမ့်ဝင်မှုမလုံလောက်သေးသဖြင့် စိုက်ပျိုး ချိန်နောက် ကျခြင်းများ ကြုံတွေ့နေရပါသည်။ ထို့ပြင်စပါးပင်များတွင်ဖြုတ်ပိုး၊နှံဖြူပိုးများ ကျခြင်း များကြုံတွေ့ရပါသည်။ သောက်ရေအနေဖြင့်ကျွန်တော်တို့ရွာတွင်သောက်သုံးရေတွင်းအိမ်တိုင်နီးပါးရှိပါသည်။သို့သော်နွေရာသီတွင်ရေများခန်းလေ့ရှိပါသည်။ကျောက်ဖျာခံနေသဖြင့်ဆက်တူ၍မရပါ။ရေခန်းချိန်တွင်ရေတွင်းများနေ၍သုံးလောက်အနေအထားရှိသည်ကိုတွေ့ရှိရပါသည်။ လယ်မြေနှင့်သဘာဝရေမြေရာသီဥတုအနေအထားမှာအသင့်အတင်ကောင်းမွန်ပါသည်။လယ်ယာမြေအသုံးချနိုင်မှုမှာလယ်ယာမြေဆုံးရှုံးမှုမရှိပါ။စိုက်ပျိုးရေအရင်းအမြစ်မရှိပါ။ချောင်းမရှိချောင်း၊ဆည်နှင့်မနီးမိုးရေခံလယ်များဖြစ်သဖြင့်မိုး

ရာသီမိုးများမှမိုးရေရမှသာစိုက်ပျိုးစိုက်ပျိုးနိုင်ပါသည်။ ချောင်းမြောင်းမရှိသဖြင့်စိုက်ပျိုးရေရှားပါးလှ ပါသည်။ရွာနှင့်တမိုင်ခန့်အကွာရှိမှန်ကန်ဆည်ထိရေမြောင်းသွယ်လျှင် စိုက်ပျိုးရေလုံလောက်နိုင်သော အခွင့်အရေးရှိသော်လည်းရွာသားများငွေကြေးမတတ်နိုင်ကြပါ။မှန်ကန်ဆည်သည်လည်းခိုင်ခံ့ ကောင်းမွန်မှုမရှိသေးသောကြောင့်ရေမြောင်းသွယ်လျှင်လည်းရေလုံလောက်စွာမရနိုင်သေးပါ။ရွာ၏ အဓိကစိုက်ပျိုးသော သီးနှံမှာ စပါးဖြစ်ပြီး နှမ်းသီးနှံကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပါသည်။ စပါး စိုက်ရာသီတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် စပါး၊ နှမ်းအထွက်နှုန်းများ လျော့ကျပါသည်။ စိုက် ပျိုးရေးနည်းပညာအသိမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။မုန့်ညင်းခရမ်း၊သခွားစသော ဟင်းသီးဟင်း ရွက်အ ခင်းများကိုရေတွင်းမှခပ်၍တစ်နှစ်ဦးအနည်းငယ်စိုက်ပျိုးကြသူများလည်းရှိပါသည်။

ဤရွာ၏လယ်ရာလုပ်ကိုင်ရာတွင်ကိုယ်ပိုင်ကွဲ၊နွားများကိုအသုံးပြုကြပါသည်။နွားများကိုအကောင် ရော၀ကောင်အထိမွေးမြူသောသူ၂ဦး၃ဦးခန့်ရှိပါသည်။ရွာတွင်လက်တွန်းထွန်စက်(၃)စီးရှိရာ စက် ရှိသူများထံမှ အခကြေးငွေနှင့်ငှါးရမ်း ကြပါသည်။ခြွေလှေ့စက်(၂)ဦးရှိပြီး လက်တွန်းထွန်စက်နှင့် ရိတ်သိမ်းခြွေလှေ့စက်များကို လူအနည်းစုသာ ငှါးရန်းအသုံး ပြုနိုင်ကြပါသည်။ အရစ်ကျစနစ် ရှိ သော်လည်း လူအချို့သာ ဝယ်ယူနိုင်ကြပါသည်။ မြက်ရိတ် စက်(၄)စင်း ရှိပါသည်။ကွဲနွားများကိုသာ အဓိကအားထားအသုံးပြုကြပါသည်။

ဤရွာ၏လယ်မြေနှင့်သဘာ၀ရေမြေရာသီဥတုအနေအထားမှာအသင့်အတင့်ကောင်းမွန်ပါသည်။ လယ်ယာမြေအသုံးချနိုင်မှုမှာလယ်ရာမြေဆုံးရှုံးမှုမရှိပါ။စိုက်ပျိုးရေအရင်းအမြစ်မရှိပါ။မိုးရေခံလယ် များဖြစ်သဖြင့်မိုးရာသီမိုးရေရမှသာစိုက်ပျိုးနိုင်ပါသည်။ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှုတွင်မြန်မာ့လ ယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေး

သောဝန်ဆောင်မှုသာရှိပါသည်။သဘာဝနွားချေးမြေဆွေးနှင့်အော်ဂင်းနစ်မြေဩဇာများလည်းရှိပါ သည်။ပိုးသတ်ဆေးများကိုလည်းဝယ်ယူနိုင်ပါသည်။စားကျက်မြေများ၃၄.၉–ရှိ၍ အိမ်ခြံဝင်း အ တွင်းမြေနေရာအသင့်အတင့်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး၊ ငွေကြေးဝန်ဆောင်မှုနှင့် နွေရာ သီအထိရေ သိုလှောင်ထားနိုင်သော တာတံမံများရှိပါက စီးပွားရေးအဆင်ပြေသော ရွာတစ်ရွာ ဖြစ်လာနိုင်ပါသည်။ နှစ်စဉ်မိုးဦးနောက်ကျခြင်း၊မိုးလယ်ခေါင်ခြင်း၊မိုးနှောင်းစပါးရိတ်သိမ်းချိန်တွင် မိုးများခြင်းတို့ကို ခံစားရပါသည်။သီးနှံမျိုးစေ့များရရှိနိုင်သော်လည်း လက်လှမ်းမမီခြင်း၊ငွေအရင်း အနှီးမရှိခြင်းတို့ ကြောင့်မိမိတို့စိုက်ပျိုးရရှိလာသောစပါးများကိုသာမျိုးစပါးအဖြစ်စိုက်ပျိုး ကြ သောကြောင့်အထွက် နှုန်းလျော့ကျခြင်း၊ဈေးကောင်းမရခြင်းများကြုံတွေ့နေရပါသည်။ဓါတု ပိုးသတ် ဆေး၊ ဓါတ်မြေဩဇာ နှင့် ဓါတုပိုးသတ်ဆေး သုံးစွဲရန် အသိပညာ အားနည်ခြင်းများ ရင်ဆိုင်နေရပါ သည်။ သီးနှံထွက် ကုန် များ ရောင်းချရာတွင် လမ်းပန်းဆက်ရေး မကောင်းခြင်း၊လမ်းခရီးဝေး ကွာခြင်းကြောင့် အချိန်မှီမ ရောက်နိုင် ဈေးကောင်းမရနိုင်ပါ။ ကျွန်တော်တို့ရွာတွင် မွေးမြူရေးလုပ်ငန်းများကို တပိုင်တနိုင်သာမွေးမြူကြပါသည်။ကွဲ ၊ နွား၊ များကိုလယ်ယာလုပ်ငန်းများတွင်ခိုင်းစေရန်အတွက်သာမွေးကြပါသည်။ ကြက်၊ ဝက်၊ များကိုလည်း တပိုင်တနိုင် မွေးမြူကြပါသည်။ ရွာသူ၊ရွာသားများသည် စီးပွါးဖြစ် မွေးမြူရေးကို စိတ်ပါဝင်စား သူများရှိသော်လည်း မွေးမြူရေးအထောက်အကူပြုလုပ်ငန်းများ၊ မွေမြူရေးဆိုင်ရာ နည်းပညာများ ၊

အသိပညာများလိုအပ်လျက်ရှိပါသည်။ ကျွန်တော်တို့ရွာတွင် စားကျက်မြေများအသင့်အတင့် ရှိပါသည်။ ကျွန်တော်တို့ ၏ ရွာသည် မွေးမြူရေးအတတ်ပညာ၊ အသိပညာများ၊ မွေးမြူရေးဝန်ဆောင်မှုချေးငွေများ ရရှိလျှင် ကျွန်တော်တို့ ဒေသအတွက် စီးပွါရေး အတော်အသင့် ချောင်လည် လာနိုင်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။ အင်ပင်ကျေးရွာတွင် လုပ်သားအင်အားရရှိနိုင်မှုအသင့်အတင့်ရှိပါသည်။ လယ်ယာနှင့် သားငါးထွက်ကုန်မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်မရှိပါ။ ကုန်ကြမ်းများ အသင့်အတင့်ရှိသော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် ပစ္စည်းများ အရည်အသွေး အားနည်းနေမှုကြောင့် ဈေးကောင်းမရပါ။ဤရွာတွင်ဈေးကွက်ဆိုင်ရာအသိအမြင်များလည်းအားနည်းနေသောကြောင့် အသိပညာပေးရန်လိုအပ်နေပါသည်။ချေးငွေများမှာအစိုးရစိုက်ဘဏ်ချေးငွေတစ်မျိုးတည်းသာရှိပြီး ပြင်ပအဖွဲ့အစည်းနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများမှချေးငွေများမရရှိသောကြောင့်အရင်အနှီးချေးငွေများ လိုအပ်နေကြောင်းလေ့လာတွေ့ရှိရပါသည်။အသေးစားအလတ်စားစီပွါးရေးဆိုင်ရာဝန်ဆောင်မှုများမရှိပါ။ကျေးရွာတွင်အခြားစီးပွါရေးလုပ်ငန်းရှင်များမရှိ၍အလုပ်အကိုင်အခွင့်အလမ်းနည်းပါသည်။အင်ပင်ကျေးရွာတွင်စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းပြုသူအခြားဝင်ငွေရအလုပ်အကိုင်အဖြစ် နေ့စား ကျပန်းများလုပ်ကိုင်၍ အသက်မွေး ဝမ်းကြောင်း ပြုနေသူများလည်းရှိပါသည်။ ကျွန်တော်တို့ရွာရှိ ကျောင်းပညာရေးသည်စာသင်ကျောင်းမရှိသောကြောင့်ရွာနှင့်(၁)မိုင်ကျော်အကွာရှိဂျိုးတောင်အထက်တန်းကျောင်သိုသွားရောက်ပညာသင်ကြပြီး ရွာသားအများစုသည် (၄)တန်းအောင်ပြီးလျင် ကျောင်းပညာကို ဆက်လက် တက်ရောက် သူနဲပါသည်။ကျောင်းမိဘများ၏ ငွေကြေးအင်အားနှင့် အဆောင်စရိတ်ထမင်းစရိတ် အစရှိသော ကုန်ကျစရိတ်များ မတတ်နိုင်ခြင်း၊အဆင့်မြင့်ကျောင်းသို့ သွားရောက် ပညာသင်ယူရန် ဝေးလံခြင်း တို့ကြောင့် အိမ်၏မိရိုးဖလာစီးပွါရေး လုပ်ငန်းဖြစ်သည့် လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းခွင်များ တွင်သာ ကူညီလုပ်ကိုင်ရင်း ကုန်ဆုံးရပါသည်။ ရွာတွင်လည်းပညာအလွန်နည်း၍ အသိပညာ၊ အတတ်ပညာနှင့် အသိဉာဏ်ပညာ၊ ဗဟုသုတများ နဲပါးလှပါသည်။

(ဃ) ရွှေ့ပြောင်းလုပ်သားများ။ ။ ကျေးရွာတွင် မိုးရာသီ၌ကောက်စိုက်ခြိန် နှင့်စပါးရိတ်ခြိန် များတွင် အလုပ်အကိုင်ရှိပြီး၊နမ်းမျိုးများကို အချို့မှစိုက်ပျိုး လုပ်ကိုင်ကြပါသည်။ ငွေလိုလျှင် စပါးနှမ်းများကိုရောင်းချသုံးစွဲကြသောကြောင့်အိမ်ထောင်စုများသည်နောက်ပိုင်း ဝမ်းစာမရှိသောအချိန်များတွင်စပါးတိုးငွေတိုးများကိုအတိုးဖြင့်ချေးယူစာသုံးကြပါသည်။ဤရွာတွင်မိရိုးဖလာလယ်ယာလုပ်ငန်းအပြင်အခြားအလုပ်အကိုင်အခွင့်အလမ်းမရှိသောကြောင့်ရွှေ့ပြောင်းသွားလာလုပ်ကိုင်သောအိမ်ထောင်စုဝင် ဦးရှိပါသည်။ပြည်တွင်း၌သာသွာလာလုပ်ကိုင်ကြသည်ကိုလေ့လာတွေ့ရှိရပါသည်။

(င) ကုန်စည် နှင့် ဝန်ဆောင်မှု ဈေးကွက်။ ။အနီးဆုံးဈေးမှာရွာနှင့် (၅)မိုင်မှ(၁၀)မိုင်အတွင်းတွင်ဂျိုးတောင်ဈေးရှိပါသည်။သယ်ယူပို့ဆောင်ရေးနည်းမှာ ၊ဆိုင်ကယ်၊သုံးဘီးတို့နှင့် သွာလာကြပါသည်။ဂျိုးတောင်ဈေးတွင် ကုန်စိမ်း၊ကုန်ခြောက်နှင့် မီးဖိုချောင်သုံး ပစ္စည်းများ

ရရှိနိုင်ပါသည်။ဈေးအခြေခံအဆောက်အဦးမှာ သစ်သာဝါးထရံတို့ဖြင့် တည်ဆောက်ထားပြီး အချိန်ကာလအလွန်ပင်ကြာမြင့်ပြီ ဖြစ်သဖြင့် ဟောင်းနွမ်း ဆွေးမြေ့နေပါသည်။ သန့်ရှင်းရေးနှင့် ဝန်ဆောင်မှု မှာအလွန်ပင်အားနည်းပါသည်။ ကုန်စည်နှင့်ဝန်ဆောင်မှုရရှိနိုင်မှုမှာ လိုအပ်သည့် ပစ္စည်းများမရနိုင်ပါ။အကြီးစားဈေးမှာကောလင်းဈေးဖြစ်ပါသည်။ကျေးရွာနှင့်မိုင်(၃၀) မှမိုင်(၅၀)ခန့် အကွာအဝေးတွင်တည်ရှိပြီး သယ်ယူပို့ဆောင်ရေးမှာ ကားဆိုင်ကယ်၊ သုံးဘီး၊ရထားတို့ဖြင့်သွားလာကြပါသည်။ ကောလင်းဈေးတွင် မီးဖိုချောင်သုံးပစ္စည်းနှင့် အိမ်သုံးပစ္စည်း အဝတ်အထည် ဆောက်လုပ်ရေးပစ္စည်းများ ရရှိနိုင်ပါသည်။

(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။ ။ လယ်သမားများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ စိုက်ပျိုးရေး ချေးငွေများ ရရှိပါသည်။ သမဝါယမဦးစီးဌာနမှလည်း မတည်ရင်းနှီးငွေများထုတ်ချေးပေးပါသည်။

(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်း အမြစ်များအနေဖြင့် ကျောက်သဲ အနည်းငယ်ထွက်ရှိခြင်း၊ နွားစာအသင့်အတင့်ရှိသည့် အနေအထားကို လေ့လာတွေ့ရှိရပါသည်။ လမ်းခင်း ဂျင်း ကျောက် အနည်း ငယ်ရှိပါသည်။ သဘာဝတိရိစ္ဆာန် မျိုးစိတ် အနည်း ငယ်ရှိပါသည်။

ကျွန်တော်တို့ရွာတွင် ချောင်း မြောင်းမရှိသဖြင့် စိုက်ပျိုးရေ ရှားပါးလှပါသည်။ ရွာမှ တမိုင်ခန့်အကွာရှိ မှန်ကန်ဆည်မှ ရေသွယ်လျှင် စိုက်ပျိုးရေ ရရှိနိုင်ပါသည်။ မှန်ကန်ဆည်သည်လည်း ခိုင်ခံ့ကောင်းမွန်ခြင်း မရှိသေးပါ။

ရွာရှိလယ်ယာမြေများ၏ မြေဆီ မြေဩဇာ အခြေအနေမှာ အခက်အခဲ ရှိပါသည်။ တောင်သူလယ်သမား များသည် မိမိတို့ခြံရှိ နွားချေးများကို သုံးစွဲကြသလို ငွေကြေးတတ်နိုင်သူများက ဓါတ်မြေဩဇာများကို ဝယ်ယူသုံးစွဲကြပါသည်။ စွန့်ပစ်အမှိုက်များ ကိုလည်း သတ်မှတ်ထားသော နေရာများတွင် စွန့်ပစ်ကြပါသည်။

(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ကျွန်တော်တို့ကျေးရွာတွင် စာသင်ကျောင်းမရှိပါ။ ကျေးရွာမှ ကျောင်းသူ ကျောင်းသားများသည် ၁ မိုင်ခန့်ကွာဝေးသော ဂျိုးတောင်ကျေးရွာ အထက်တန်းကျောင်း သို့ သွားရောက် ပညာသင်ယူကြရပါသည်။ စာသင်ကျောင်းသို့ စက်ဘီး ဆိုင်ကယ်များဖြင့် သွားရောက် ကြပြီး အချို့မိဘများမှာ အကြိုအပို့ပြုလုပ်ပေးကြပါသည်။ ကျေးရွာတွင် မူလတန်းကျောင်းရရှိရန် လိုအပ်ပါသည်။

မူလတန်းကျောင်းဆောင် ၁ ဆောင် ဆောက်လုပ်လိုသောလည်း ရွာသားများ စီးပွားရေး ချို့တဲ့လှသောကြောင့် ဆောက်လုပ်နိုင်ခြင်းမရှိပါ။ ကျေးရွာတွင် အသိပညာ အတတ်ပညာများ

နည်းပါကြပါသည်။ အတန်းပညာတတ်မြောက်သူ နည်းပါသလို အသက်မွေးဝမ်းကျောင်း ပညာများလည်း တတ်မြောက်မှုအလွန်နည်းပါသည်။

ကျေးရွာတွင် ဆီးချိုရောဂါနှင့် သွေးတိုးရောဂါဖြစ်ပွားမှုများရှိပါသည်။ ရံဖန်ရံခါတွင်လည်း သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျောရောဂါများလည်း ဖြစ်ပွားတတ် ပါသည်။ ကျေးရွာတွင် ကျန်းမာရေးအသိပညာ ဗဟုသုတများ အားနည်းလှပါသည်။

ကျေးရွာရှိ မွေးကင်းစကလေးငယ်များကို ၁ မိုင်ကျော်အကွာခန့်ရှိ ဆေးခင်းခုံကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်၍ ကာကွယ်ဆေး ထိုးနှံကြရပါသည်။

ကျေးရွာသူ/သားများသည် ကျန်းမာရေးအတွက် ၁ မိုင်ကျော်ဝေးသော ဂျိုးတောင်တိုက်နယ် ဆေးရုံသို့ သွားရောက်ကုသမှုခံယူကြရပါသည်။ အနီးဆုံးမြို့နယ်ဆေးရုံအနေ ဖြင့် ၁၀မိုင်ခန့် ကွာဝေးသော ဝန်းသိုပြည်သူ့ဆေးရုံသို့သွားရောက်ကုသကြရပါသည်။

ကျေးရွာရှိ အိမ်တိုင်းနီးပါး ရေတွင်းရှိကြပါသည်။ သို့သော်နွေရာသီတွင် ရေများခမ်းလေ့ရှိပါသည်။ ကျောက်ဖျာခံနေသောကြောင့် ဆက်လက်တူးဖော်ရန် ခက်ခဲပါသည်။ ရေခမ်းသော်လည်း ရေတွင်းများပြားသောကြောင့် ရေပြက်လက်သည်အထိမခက်ခဲပါ။

ကျေးရွာတွင် အိမ်တိုင်းနီးပါး ယင်လုံအိမ်သာကိုသာ အသုံးပြုကြပါသည်။

(စျ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး) ။ ။ ရွာတွင်းလမ်းများမှာ မြေသားလမ်းဖြစ်ပြီး အရည်အသွေးမှာ ညံ့ပါသည်။ မိုးရွာသီတွင် ရွံ့နှံထူခြင်း၊ ဗွက်ထခြင်း ၊ လမ်းချော်ခြင်းများကြောင့် သွားလာရခက်ခဲပါသည်။ ကျေးရွာတွင်းလမ်းများကို ကွန်ကရစ်လမ်းခင်းရန်ဆောင်ရွက်လိုပါသည်။

ကျေးရွာတွင် တံတား ၂ စင်း ရှိပါသည်။ နှစ်စင်းစလုံးမှာ ကွန်ကရစ်တံတား များဖြစ်ပြီး အရည်အသွေးမှာ ကောင်းမွန်လှပါသည်။ အလျား ၁၂ ပေ အနံ ၃ ပေ နှင့် အမြင့် ၃ ပေ နှင့် အလျား ၂၁ ပေ အနံ ၆ ပေနှင့် အမြင့် ၆ ပေရှိ တံတားများဖြစ်ပါသည်။

ကျွန်တော်တို့ကျေးရွာတွင် လျှပ်စစ်မီးရှိသော အိမ်ထောင်စု ၂၈ အိမ် ဆိုလာစနစ်ဖြင့် အသုံးပြုသော အိမ် ၆ အိမ်နှင့် လျှပ်စစ်မီး အသုံးမပြုနိုင်သော အိမ် ၂ အိမ်ရှိပါသည်။

(ည) လူငယ် နှင့် ယဉ်ကျေးမှု။ ။ ကျေးရွာတွင် လူငယ်/လူရွယ်များ အပန်းဖြေနေရာများ မရှိပါ။ ကျေးရွာရှိ လူငယ်/လူရွယ်များသည် ကျေးရွာ၏ သာရေး/နာရေး/လူမှုရေးလုပ်ငန်းများတွင် စိတ်အားတက်ကြွစွာ ပါဝင်ဆောင်

(၄) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။ ။ ကျေးရွာတွင် ဆက်သွယ်ရေး သတင်းအချက်အလက် တာဝါတိုင်မရှိပါ။ MPTနှင့် Telenor ဖုန်းလိုင်းများမိပါသည်။ ကျေးရွာတွင် အာမခံလုပ်ငန်းမရှိပါ။ မှုခင်းကာကွယ်တာဆီးရေး လုပ်ငန်းများလည်း ဟောပြောခြင်းမျိုးမရှိပါ။

လူကုန်ကူးမှုမရှိပါ။ ခိုးယူမှုအနည်းငယ်ရှိပါသည်။ မူးယစ်ဆေးသုံးစွဲသူ အနည်းငယ်ရှိပါသည်။ အကြမ်းဖက်မှုမရှိပါ။

(၅)

ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အ တား များ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့် ရှိပါသည်။ ကျေးရွာတွင် လုပ်အားများရရှိနိုင်ပါသည်။ ကျေးရွာတွင်းလမ်းများ အဆင့်မြှင့်တင်နိုင်ရန် ဂျင်းကျောက်များရရှိနိုင်ပါသည်။ ပညာရေးကဏ္ဍ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် မြေနေရာ ရှိပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက် ရန် အဟန့်အတားများမှာ ကျေးရွာမှ ငွေကြေးမတတ် နိုင်ခြင်း ၊ သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက်မှုအားနည်းခြင်း ၊ ချိတ်ဆက်ဆောင်ရွက်ရမည့် နည်းလမ်း များမသိခြင်းတို့ကြောင့် ဖြစ်ပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသည် ကျေးရွာဖြစ်သည့် အားလျှော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ် ခဲ့ပါသည်။

က၊၁) ကျေးရွာတွင်းလမ်းများပိုမိုကောင်းမွန်လာရမည်။

က၊၂) အခြေခံမူလတန်းကျောင်းရရှိရန် ဆောင်ရွက်သွားမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) ကျေးရွာတွင်းလမ်းများ ပိုမိုကောင်းမွန်လာစေရန် ကျေးရွာမှ လုပ်အားထည့်ဝင်ခြင်း၊ ငွေကြေးအတွက် သက်ဆိုင်ရာဌာနများဖြင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(၂) ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရရှိရန် အတွက် ပညာရေးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။

(၇)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ်အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထားချက် များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာ အခြေပြု အသေးစား စီးပွားရေးလုပ်ငန်း များ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင် တစ်ပိုင် စီးပွားရေးလုပ်ငန်း များ တိုးမြှင့် လုပ်ဆောင် နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင်ရန်လိုပါမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေး ချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ-ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ -ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(၈) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား ကိုယ်စား ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရ မှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
၁။ အခြေခံ အဆောက်အဦ	၁။ ရွာတွင်းလမ်းများကွန်ကရစ်ခင်းခြင်း	၆၆	၁		
	၂။ရွာချင်းဆက်လမ်းများ ကျောက်ခြောခင်းခြင်း	၆၃	၂		
၂။ ပညာရေး	၃။ မူလတန်းကျောင်း ရရှိအောင်ဆောင်ရွက်ခြင်း	၆၁	၃		
	၄။ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း	၅၉	၄		

(ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	ရွာတွင်းလမ်းကွန်ကရစ်လမ်း ခင်းခြင်း	၁	✓	✓	✓		
၂	ရွာချင်းဆက်လမ်းများ ကျောက် ချောခင်းခြင်း	၂		✓	✓		
၃	မူလတန်းကျောင်းရှိအောင်ဆောင်ရွက်ခြင်း	၃	✓				
၄	ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း	၄		✓	✓		

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ဘတ်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘတ်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘတ်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘတ်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန် အသုံး စရိတ်	ငွေလုံးငွေရင်းအသုံး စရိတ်		လူသား ချင်းစာနာမှု အထောက် အပံ့
				ငွေလုံး ငွေရင်း	စွမ်းဆောင် ရည် မြှင့်တင်ရေး	
၁	ရွာတွင်းလမ်းကွန်ကရစ်လမ်း ခင်းခြင်း			✓		
၂	ရွာချင်းဆက်လမ်းများ ကျောက် ချောခင်းခြင်း			✓		
၃	မူလတန်းကျောင်းရှိအောင်ဆောင် ရွက်ခြင်း			✓		
၄	ကျောင်းဆောင်သစ်ဆောက်လုပ် ခြင်း			✓		

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက် ဆုံး အကောင် အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ် ညှိနှိုင်း ရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန် များ ခွဲဝေ အပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်း သည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူ ဆောင်ရွက် စေ၍ လယ်သမား အဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန် ယူ ဆောင်ရွက် စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာ တွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ် နိုင်သော အကူအညီများ ရယူဆောင် ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ် ပညာရေး ဌာနနှင့် ချိတ်ဆက် ညှိနှိုင်း ဆောင်ရွက် ရပါမည်။ လယ်သမား အဖွဲ့ အစည်း ကလည်း လယ်ယာ ကုန်ထုတ် လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့် တင်ရန် မြို့နယ်ဆောက်လုပ် ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူ အညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံချက်လုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီး ကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီး ကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

